# 3 日本の出産について

# ( ဂျပန်၏သားဖွားခြင်းနှင့်ပတ်သက်၍ )



## 妊娠中

定期的に病院で診察をうける妊婦健康診査(妊婦健診)は、妊娠中の回数はだいたい14回です。
日本では、妊婦健診を、妊娠初期から23週ごろまでは4週間に1回、妊娠35週ごろまでは2週間に1回、それ以降の出産までは1週間に1回うけることになっています。

| | |
|---|---|
| 妊娠初期から妊娠23週まで | 4週間に1回 |
| 妊娠24週から妊娠35週まで | 2週間に1回 |
| 妊娠36週から出産までは | 1週間に1回 |

日本では、妊娠・出産には健康保険の適応がないので、病気で診察を受けるよりも費用が高いことがあります。

母子手帳に14回分の妊婦健診の費用を補助する補助券がついていますので、役所から母子手帳をもらってください。この補助券で妊婦健診の費用が無料になることもありますが、検査によっては自己負担をしなければならないこともあります。また、ママの状態によっては、妊婦健診の回数が14回よりも多くなることもありますので、そのときは自己負担になります。

出産の費用は、大学病院、総合病院、個人病院、助産院など、場所によってちがいます。

日本の健康保険に入っていれば、出産育児一時金(50万円:2023年)をもらうことができます。

## ကိုယ်ဝန်လွယ်စဉ်

ဆေးရုံ၌သတ်မှတ်ထားချိန်အတိုင်းကိုယ်ဝန်ဆောင်ဆေးစစ်ရမည့်အကြိမ်အရေအတွက်မှာအများအားဖြင့်၁၄ကြိမ်ဖြစ်သည်။
ဂျပန်၌ ကိုယ်ဝန်ဆောင် ဆေးစစ်ချက်ကို ကိုယ်ဝန်၂၃ပတ်မြောက်အတွင်းလေးပတ်မှာတစ်ကြိမ်၊ကိုယ်ဝန်၃၅ပတ်မြောက်အတွင်း နှစ်ပတ်မှာတစ်ကြိမ်၊ ထိုနောက်ပိုင်းမီးဖွားချိန်ထိတစ်ပတ်ကိုတစ်ကြိမ်လုပ်ဆောင်ရပါသည်။

| | |
|---|---|
| ကိုယ်ဝန်စဆောင်ချိန်မှ၂၃ပတ်အထိ | လေးပတ်မှာတစ်ကြိမ် |
| ကိုယ်ဝန်စဆောင်ချိန်မှ၃၅ပတ်အထိ | နှစ်ပတ်မှာတစ်ကြိမ် |
| ကိုယ်ဝန်၃၆ပတ်မှမီးဖွားချိန်အထိ | တစ်ပတ်မှာတစ်ကြိမ် |

ဂျပန်တွင် ကိုယ်ဝန်ဆောင်.မီးဖွားခြင်းသည်ကျန်းမာရေးအာမခံဌာန၏ဝန်ဆောင်မှုမရှိသောကြောင့်ပုံမှန်စမ်းသပ်မှုခံယူခြင်းထက်ပို၍ကုန်ကျစရိတ်များပါသည်။

မိခင်နှင့်ကလေးလမ်းညွှန်စာအုပ်တွင်၁၄ကြိမ်စာကိုယ်ဝန်ဆောင်စမ်းသပ်မှုစရိတ်ကိုထောက်ပံ့သောလက်မှတ်ပါရှိသောကြောင့် မြို့နယ်ရုံးများမှ မိခင်နှင့်ကလေးလမ်းညွှန်စာအုပ်ကိုလက်ခံရယူပါ။ထိုလက်မှတ်ကိုအသုံးပြုလျှင်စမ်းသပ်မှုစရိတ်အခမဲ့ရရှိနိုင်သလို စမ်းသပ်မှုကိုမူတည်၍မိမိကိုယ်တိုင်ပေးချေရမှုလည်းရှိသည်။မိခင်၏ကျန်းမာရေးအခြေအနေကိုမူတည်မူ၍၁၄ကြိမ်အထက်ဆေးစစ်ရမှုလည်းရှိသည်။ထို့အတွက်လည်းမိမိကိုယ်တိုင်ပေးချေရမည်ဖြစ်သည်။

မီးဖွားစရိတ်ဟာတက္ကသိုလ်ဆေးရုံ၊အထွေထွေရောဂါကုဆေးရုံ၊ပုဂ္ဂလိကဆေးရုံနှင့်မီးဖွားရာဌာနစသောနေရာကိုမူတည်၍ကွဲပြားပါသည်။

ဂျပန်ကျန်းမာရေးအာမခံဝင်ထားပါက ကိုယ်ဝန်ဆောင်မီးဖွားထောက်ပံ့ကြေး(ယန်း ၅၀ သောင်း:၂၀၂၃ခုနှစ်အရ)ကိုတစ်ကြိမ်လက်ခံနိုင်သည်။

## 出産について

出産は、経腟分娩（下から出産すること）と帝王切開（手術での出産）に分けられます。

### ■ 経腟分娩(下から出産すること)

・自然分娩

・処置がある…促進剤を使った分娩
吸引分娩、鉗子分娩
無痛分娩



吸引分娩



鉗子分娩



無痛分娩

### ■ 帝王切開(手術での出産)

・予定帝王切開

・緊急帝王切開

出産の方法は医師と相談して決めますが、陣痛がはじまったあとのママと赤ちゃんの状況によっては、かわることもあります。

帝王切開は、双子や逆子などの理由で妊娠中に手術の日にちを決める予定帝王切開と、出産のときに何かがおこって緊急に手術で出産する緊急帝王切開があります。

経腟分娩を予定していても、状況によっては急に帝王切開にかわることもあります。そのときは、かならず医師から説明があります。

また、日本では、希望で帝王切開は選べません。

出産のときに、パートナーや家族、子どもが出産の部屋に入れるかどうかは、病院によってちがいます。

## မီးဖွားခြင်းနှင့်ပတ်သက်၍

မီးဖွားခြင်းတွင်ရိုးရိုးမွေးခြင်း(မိန်းမအင်္ဂါမှမွေးခြင်း)နှင့်
ဗိုက်ခွဲမွေးခြင်း ( ခွဲစိတ်မွေးခြင်း )ဆိုပြီးခွဲထားပါသည်။

### ■ ရိုးရိုးမွေးခြင်း(မိန်းမအင်္ဂါမှမွေးခြင်း)

.သဘာဝအလျောက်

• ကုသမှုနှင့်အတူ...သားအိမ်လှုံ့ဆော်ဆေး၊
စုပ်ယူမွေးဖွားခြင်း၊ဝမ်းဆွဲညှပ်သုံး၍မွေးခြင်း
ထုံဆေးအသုံးပြုခြင်း



စုပ်ယူမွေးခြင်း



ဝမ်းဆွဲညှပ်သုံး၍မွေးခြင်း



ထုံဆေးအသုံးပြုခြင်း

### ■ ဗိုက်ခွဲမွေးခြင်း ( ခွဲစိတ်မွေးခြင်း )

.ကြိုတင်စာရင်းပေးပြီးခွဲစိတ်ခြင်း

.အရေးပေါ်အခြေအနေခွဲစိတ်ခြင်း

မီးဖွားသည့်နည်းလမ်းသည်ဆရာဝန်နှင့်တိုင်ပင်၍ဆုံးဖြတ်ပြီးသော်လည်းမွေးဖွားမှုစတင်ချိန်မိခင်နှင့်ကလေး၏အခြေအနေကိုမူတည်၍ပြောင်းလဲနိုင်ပါသည်။

ခွဲစိတ်မွေးခြင်းသည်
အမွှာ၊ကလေးအနေအထားပြောင်းပြန်ဖြစ်နေခြင်းစသောအကြောင်းများကြောင့်ကိုယ်ဝန်ဆောင်ကာလအတွင်းရက်သတ်မှတ်ပြီးကြိုတင်စာရင်းပေးပြီးခွဲစိတ်မွေးခြင်းနှင့်မီးဖွားချိန်အခြားအရေးပေါ်အခြေအနေကြောင့်ခွဲမွေးရခြင်းဟူ၍နှစ်မျိုး ရှိပါသည်။

ရိုးရိုးမွေးခြင်းအတွက်ကြိုတင်စာရင်းပေးထားသော်လည်းအခြေအနေကိုမူတည်၍ရုတ်တရက်ခွဲစိတ်မွေးခြင်းသို့ပြောင်းရသည်များလည်းရှိသည်။ထိုကဲ့သို့အချိန်တွင်သေချာပေါက်ဆရာဝန်မှရှင်းပြပေးပါသည်။

ဂျပန်တွင် ခွဲစိတ်မွေးခြင်းကို ဆန္ဒအလျောက်မရွေးချယ်နိုင်ပါ။

မီးဖွားချိန်ခင်ပွန်းမိသားစုနှင့်ကလေးများကမွေးဖွားခန်းသို့ဝင်ရမဝင်ရသည်မှာဆေးရုံအလိုက်ကွဲပြားပါသည်။